# အသိပေးကြေညာချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်နေသည့် ပြည်သူ့လွှတ်တော်(၄၀)နေရာ၊ အမျိုးသားလွှတ်တော်(၆) နေရာ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(၂)နေရာ၊ စုစုပေါင်း(၄၈)နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲ များကို ၂၀၁၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်ပါသည်။

ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်များနှင့် အကျုံးဝင်သည့် စာရင်းပါ မြို့နယ်များမှ မဲပေးလိုသည့် စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသည့် ဆန္ဒမဲပေးလိုသူ မြန်မာနိုင်ငံသားများအနေဖြင့် ပူးတွဲပါ ပုံစံ(၁၅)အား ဖြည့်စွက်ရမည်ဖြစ်ပါသည်။ ပုံစံ(၁၅)တွင် ဖြည့်စွက်ထားသည့် အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်းမှသာ ဖြစ်ရပါမည်။ ၎င်းပုံစံ(၁၅)အား ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၂၄) ရက်နေ့မတိုင်မီ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ စင်ကာပူမြို့၊ မြန်မာသံရုံးသို့ ပြန်လည်ပေးပို့ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

မြန်မာသံရုံး၊ စင်ကာပူမြို့၊
၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်။